ASIA WORLD FOUNDATION

**Press Release**

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့**

**အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းတစ်ထောင်လှူဒါန်း**

**ရန်ကုန်၊ မြန်မာ - မတ်လ ၃၀ ရက်၊ ၂၀၂၀ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီ (“AWC”) မှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့အစည်းဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်း (“AWF”) မှ ကူးစက်မြန်ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဥ်များကို ကူညီထောက်ပံ့ရန် ငွေကျပ် သိန်းတစ်ထောင်ကို COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရုံးချုပ်တွင် ယနေ့ပေးအပ်လှူဒါန်းခဲ့ပါသည်။




*ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးမှ အလှူငွေလက်ခံနေစဥ်*

အဆိုပါလှူဒါန်းမှုအား နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရုံးချုပ်တွင် အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား ပေးအပ်လှူဒါန်းခဲ့ပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးနှင့် ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် ကဏ္ဍများစွာတွင် ပါဝင်ပံ့ပိုးဆောင်ရွက်သွားရန် သံဓိဋ္ဌာန်ချမှတ်ထားပါသည်။

"COVID-19 ရောဂါကူးစက်ပြန့်ပွားမှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံဟာ စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒီလှူဒါန်းမှုဟာ ပြည်သူလူထုအတွက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်အားလုံးအတွက် အထောက်အကူပြုသွားမှာပါ။ အေးရှားဝေါလ်လုပ်ငန်းစုနဲ့အတူ အေးရှားဝေါလ်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံမှာ COVID-19 ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးအတွက် ထောက်ပံ့ကူညီမှုအသီးသီးကို ဆက်လက်အားထုတ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။" ဟု အေးရှားဝေါလ်လုပ်ငန်းစု၏ ဥက္ကဋ္ဌဖြစ်သူ ဦးထွန်းမြင့်နိုင်က ပြောကြားခဲ့ပါသည်။

"သက်ဆိုင်ရာက ချမှတ်ထားတဲ့ ကျန်းမာရေးလမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်သုံးခြင်းအားဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို အနည်းဆုံးဖြစ်အောင် ထိန်းချုပ်နိုင်မှာဖြစ်တဲ့အတွက် လိုက်နာပေးကြဖို့ အားလုံးကို တိုက်တွန်းချင်ပါတယ်။ ဒါမှသာ အခုလို ခက်ခဲတဲ့အချိန်မှာ ပိုမိုအင်အားတောင့်တင်းစွာနဲ့ ခုခံနိုင်မှာဖြစ်ပါတယ်။" ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားသွားခဲ့ပါသည်။

– END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ထားပြီး အေးရှားဝေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အငူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ၅၄ ကီလိုမီတာရှိ ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လျှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လမ်းသစ်သည် ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။